ဂျပန်လူမျိုး၏ နိုင်ငံခြားသားအိမ်ထောင်ဖက်အတွက် ကာလတိုဗီဇာ **(Multiple Visa** အပါအဝင်**)**
ထုတ်ပေးခြင်းနှင့်ပတ်သက်၍

【လျှောက်ထားနိုင်သူများ】
ဂျပန်နိုင်ငံပြင်ပတွင် တရားဝင် ကာလရှည်နေထိုင်လျက်ရှိသော သို့မဟုတ် အလုပ်အကိုင်ဖြင့်ကာလရှည်နေထိုင်လျက်ရှိသောဂျပန်လူမျိုးနှင့် ဥပဒေနှင့်အညီ လက်ထပ်ထားသော နိုင်ငံခြားသားအိမ်ထောင်ဖက်

●Single, Double Visa
- ☐ အခြေခံအားဖြင့် ဂျပန်လူမျိုးနှင့် အတူနေထိုင်လျက်ရှိသူဖြစ်ရမည်။

●Multiple Visa
- ☐ ဂျပန်လူမျိုးနှင့် လက်ရှိတွင် အတူနေထိုင်လျက်ရှိသူဖြစ်ရမည်။
- ☐ ဂျပန်နိုင်ငံသို့ ပြည်ဝင်ပြည်ထွက် တစ်ကြိမ်အထက်လုပ်ဖူးကြောင်း အတည်ပြုနိုင်ရမည်။
- ☐ အိမ်ထောင်သက်တမ်း တစ်နှစ်ကျော်ဖြစ်ရမည်။

---

**တင်ပြရမည့်စာရွက်စာတမ်းများ**

<လျှောက်ထားသူမှ ပြင်ဆင်ရမည့်စာရွက်စာတမ်း>
- ☐ ဗီဇာလျှောက်လွှာ (ဓာတ်ပုံကပ်ပြီး)
- ☐ နိုင်ငံကူးလက်မှတ်
- ☐ လက်ရှိလိပ်စာကို အတည်ပြုနိုင်မည့် စာရွက်စာတမ်း (အတူတူနေထိုင်လျက်ရှိသည်ကို အတည်ပြုနိုင်မည့် စာရွက်စာတမ်း)
- ➢ ဥပမာ – ရပ်ကွက်ထောက်ခံစာ၊ Form C ၊ နိုင်ငံခြားသားမှတ်ပုံတင် စသည်
- ☐ အသွားအပြန်လေယာဉ်လက်မှတ် ကြိုတင်မှာထားကြောင်းအထောက်အထား (Multiple Visaအတွက် မလိုအပ်ပါ)
- ☐ နေထိုင်သွားလာမည့် အစီအစဉ် (Multiple Visaအတွက် မလိုအပ်ပါ)
- ☐ Multiple Visaလျှောက်ထားမည်ဆိုလျှင် Multiple Visa လျှောက်ထားလိုသည့် အကြောင်းရင်းကို ရေးသားထားသောစာ

<ဂျပန်လူမျိုးဖြစ်သောဇနီး/ခင်ပွန်းမှ ပြင်ဆင်ရမည့်စာရွက်စာတမ်း>
- ☐ ဂျပန်နိုင်ငံကူးလက်မှတ်မိတ္တူ
- ☐ ထုတ်ပေးသည့်ရက်စွဲမှ သက်တမ်း (၃)လအတွင်းဖြစ်သည့် KOSEKITOHON
- ☐ မြန်မာနိုင်ငံတွင် တရားဝင်ကာလရှည်နေထိုင်နေသည်ကို သို့မဟုတ် အလုပ်အကိုင်ဖြင့် ကာလရှည်နေထိုင်နေသည်ကို အတည်ပြုနိုင်သော စာရွက်စာတမ်း
- ➢ မြန်မာအစိုးရမှထုတ်ထားပေးသည့် စာရွက်စာတမ်း (နိုင်ငံခြားသားမှတ်ပုံတင်၊ Form Cစသည်)

---

<အမိကကုန်ကျစရိတ်ကျခံပေးသူ (လျှောက်ထားသူ သို့မဟုတ် ဂျပန်လူမျိုးအိမ်ထောင်ဖက်) မှ ပြင်ဆင်ရမည့် စာရွက်စာတမ်းများ>
- ☐ အလုပ်အကိုင်ထောက်ခံစာ
- ☐ ဝင်ငွေအထောက်အထားပြစာရွက်စာတမ်း သို့မဟုတ် ဘဏ်စာအုပ်

မြန်မာနိုင်ငံတွင် တရားဝင် ကာလရှည်နေထိုင်လျက်ရှိသော သို့မဟုတ် အလုပ်အကိုင်ဖြင့် ကာလရှည်နေထိုင်လျက်ရှိသော ဂျပန်လူမျိုး၏ အထူးမွေးစားကလေး (ရိုးရိုးမွေးစားကလေး မပါဝင်) သို့မဟုတ် ထိုဂျပန်လူမျိုး၏ ကလေးအဖြစ်မွေးဖွားလာသူများသည်လည်း အဆိုပါဗီဇာလျှောက်ထားမှုတွင် အကျုံးဝင်ပါသည်။ အသေးစိတ်သိရှိလိုပါက ကောင်စစ်ဌာနသို့လာရောက်၍ဖြစ်စေ ဖုန်း(သို့မဟုတ်)အီးမေးလ်ဖြင့်ဖြစ်စေ မေးမြန်းနိုင်ပါသည်။

မည်သည့်စာရွက်စာတမ်းမဆို ထုတ်ပေးသည့်ရက်မှ သက်တမ်း ၃လအတွင်းဖြစ်သည့် စာရွက်ကိုသာ တင်ပြရပါမည်။
ထို့အပြင် မြန်မာဘာသာဖြင့်ရေးသားထားစာရွက်စာတမ်းများကို မူရင်း၊မိတ္တူနှင့် ဘာသာပြန် (ဂျပန်ဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်)ကို ပူးတွဲတင်ပြရပါမည်။
အထက်တွင် ဖော်ပြမထားသောစာရွက်စာတမ်းများနှင့်ပတ်သက်ပြီး မူရင်းတစ်စုံတင်ပြရပါမည်။